# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 29 , 2022 | Volume 61, Number 20


## ဒီဇင်ဘာလစတုတ္ထအပတ် မုံရွာမြို့တွင်အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက် အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပြောင်းနီ၊ ကုလားပဲဈေးနှုန်းများဆက်လက်မြင့်တက်နေပြီး ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသေး၊ ပဲတီစိမ်းကြီး၊ ပြောင်းနီ ဈေးနှုန်းများကျဆင်းသွားသည်။ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း (ကြီး)၊ ပဲတီစိမ်း(သေး) သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံ (၅၃၇၀၀)ကျပ်၊ မတ်ပဲ (၅၃၅၀၀–၅၄၀၀၀)ကျပ်နှင့် ပဲတီစိမ်း(ကြီး) (၄၂၀၀၀–၄၅၅၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၃၆၀၀၀)ကျပ် ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံတစ်တင်းလျှင် (၅၄၂၀၀) ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၆၀၀၀)ကျပ်နှင့် ပဲတီစိမ်း(ကြီး)တစ်တင်းလျှင် (၄၂၀၀၀–၄၆၅၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၃၇၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံတစ်တင်းလျှင် (၅၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၂၀၀၀) ကျပ်၊ ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) တစ်တင်းလျှင် (၁၀၀၀)ကျပ်နှုန်း ကျဆင်းသွားကြောင်းသိရပါသည်။

ကုလားပဲ (မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၆၆၀၀၀)ကျပ်၊ ကုလားပဲဖြူလုံး သေး (၆၆၀၀၀) ကျပ်၊ 929 (၆၁၅၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၆၅၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၅၀၀၀) ကျပ်၊ 929 (၆၀၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ်နှင့်နှိုင်းယှဉ်ပါက ကုလားပဲဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပြောင်းနီတစ်တင်းလျှင် (၂၀၅၀၀) ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၂၁၀၀၀) ကျပ်ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းနီတစ်တင်းလျှင် (၂၁၀၀၀) ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၁၉၅၀၀)ကျပ်ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဝယ်လိုအားမြင့်တက်လာပါသဖြင့် ပြောင်းနီဈေး အနည်းငယ်ကျဆင်းလာပြီး၊ ပြောင်းဖူးစေ့ cp တစ်တင်း (၁၅၀၀)ကျပ် မြင့်တက်လာကြောင်းသိရပါသည်။

Source: ဧယျာကုန်သွယ်မှုဇဟိုဌာန

၂၉.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၂၀၀၀ |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၁-၁၂-၂၀၂၂ မှ ၂၈-၁၂-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၇၀၀၊ အောင်ပန်း OK ကျပ် ၁၆၅၀၊ အောင်ပန်း S1 ကျပ် ၁၆၅၀၊ အောင်ပန်း S2 ကျပ် ၂၁၀၀ နှင့် တရုတ်အာလူး(သဲသီး) ကျပ် ၂၃၀၀ နှင့် တရုတ်(သစ်) ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး(သဲသီး)ကျပ် ၅၀ နှင့် တရုတ်(သစ်) ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစား များမှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ၅၇ ( ၃၄၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၆ ( ၃၃၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁ စီး (၆၀၀၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ်(သစ်) ကျပ် ၃၀၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၈၀၀၊ မြစ်သား လတ်သန့် ကျပ် ၂၈၀၀၊ မြစ်သားလတ်ချော ကျပ် ၂၃၀၀၊ မြင်းခြံရှယ်(သစ်) ကျပ် ၂၆၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ်(သစ်) ကျပ် ၂၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၀၀ နှင့် မြင်းခြံရှယ်(သစ်) ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး မြင်းခြံလတ်ချော ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ကုန်စည်ဒိုင်သို့ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈၅ (၁၁၁၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၈၅( ၁၁၁၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၇၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၄၄၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၄၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၊အောင်ပန်း ထူး-၂ ကျပ် ၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀ အောင်ပန်း ထူး-၄ ကျပ် ၁၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၃၄၀၀ ( ၁၀၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၉၀၀ ( ၅၇၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၅၀၀ ( ၄၅၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: မြန်မာကုန်သွယ်မှုဖွံ့ဖြိုးရေးဦးစီးဌာန**

## (၁၁) လအတွင်း စက်သုံးဆီတင်သင်္ဘော (၂၇၁)စီး ဆိုက်ကပ်ခဲ့ပြီး တန်ချိန် (၄,၂၀၀) ကျော် တင်သွင်းခဲ့

ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ (၁၁) လအတွင်း သီလဝါ(ရန်ကုန်)ရှိ စက်သုံးဆီနှင့် ဓာတ်ငွေ့တင် ဆိပ်ကမ်းတွေကို စက်သုံးဆီတင်သင်္ဘော (၂၇၁) စီး ဝင်ရောက်ခဲ့တယ်လို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) ရဲ့ အချက်အလက်တွေအရ သိရှိရပါတယ်။

အဆိုပါ ဆီတင်သင်္ဘော (၂၇၁) စီးကနေ စက်သုံးဆီရောင်းချတဲ့ နိုင်ငံတွေထံက မှာယူထားတဲ့ ဆီတန်ချိန် (၄၂၇၀.၂၅၄) တန်ကို ဆိပ်ကမ်းချခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဇန်နဝါရီလမှာ (၄၆၁.၉၆၉) တန်၊ ဖေဖော်ဝါရီလမှာ (၅၆၂.၈၁၆) တန်၊ မတ်လမှာ (၄၆၂.၂၁၃) တန်၊ ဧပြီလမှာ (၁၆၈.၃၇၇) တန်၊ မေလမှာ (၃၁၈.၇၁၆) တန်၊ ဇွန်လမှာ (၃၅၂.၀၆၁) တန်၊ ဇူလိုင်လမှာ (၃၀၄.၁၂၄) တန်၊ ဩဂုတ်လမှာ (၄၁၁.၅၄၅) တန်၊ စက်တင်ဘာလမှာ (၄၅၁.၃၆၃) တန်၊ အောက်တိုဘာလမှာ (၄၀၂.၄၉၆) တန်နဲ့ နိုဝင်ဘာလမှာ (၃၇၄.၂၇၄) တန် တင်သွင်းခဲ့ပါတယ်။

လအလိုက် တင်သွင်းမှုပမာဏကိုကြည့်ရင် ဖေဖော်ဝါရီလမှာ စက်သုံးဆီတန်ချိန် (၅၆၀) ကျော်အထိတင်သွင်းခဲ့ပြီး တင်သွင်းမှုအနည်းဆုံးအဖြစ် ဧပြီလမှာ တန်ချိန် (၁၆၀) ကျော် တင်သွင်းခဲ့ပြီး လစဉ်ပျမ်းမျှ တန်ချိန် (၄၀၀) ခန့် တင်သွင်းထားပါတယ်။

လက်ရှိ သီလဝါဆိပ်ကမ်းနယ်မြေမှာ စက်သုံးဆီတင်သင်္ဘောကြီးတွေ ဝင်/ထွက်ဆိုက်ကပ်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားအစင်းရေ (၈) စင်းအထိ ရှိနေပြီး ဒီဇယ်ဂါလန် (၇၆) သန်းနဲ့ ဓာတ်ဆီဂါလန် (၉၅) သန်းအထိ သိုလှောင်နိုင်တယ်လို့ သိရှိရပါတယ်။

Source: BETV Business

## မုံရွာကုန်စည်ဒိုင်တွင် ဒီဇင်ဘာလစတုတ္ထအပတ်အတွင်း အရောင်းအဝယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းနက်ဈေးကျဆင်း နေပြီး နှမ်းဖြူ နှမ်းဝါ/နီနှင့် မြေပဲလုံးဆန်ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်နေပါသည်။ ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် နှမ်းဖြူ တစ်တင်းလျှင် (၈၆၀၀၀)၊ နှမ်းနက် တစ်တင်းလျှင် (၈၁၀၀၀) တစ်တင်းလျှင် (၇၁၀၀၀)ကျပ်၊ နှမ်းဝါ/နီ တစ်တင်း လျှင် (၇၁၀၀၀)ကျပ်ရှိပြီး ယခင်ပတ် ကာလတူ အချိန် ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် (၈၅၀၀၀-၈၂၀၀၀) ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၃၀၀၀-၇၀၀၀၀)ကျပ်၊ နှမ်းညို တစ်တင်းလျှင် (၇၀၀၀၀)ကျပ်၊ နှမ်းဝါ/နီ(သစ်) တစ်တင်းလျှင် (၇၀၀၀၀)ကျပ်ရှိကာ ယခုတစ်ပတ်ကာလတူနှင့်နှိုင်းယှဉ်ပါက နှမ်းနက် တစ်တင်း လျှင် (၂၀၀၀)ကျပ် ကျဆင်းနေပြီး၊ နှမ်းဖြူတစ်တင်းလျှင် (၁၀၀၀)ကျပ်နှင့် နှမ်းဝါ/နီ တစ်တင်းလျှင် (၁၀၀၀)ကျပ် မြင့်တက်လာကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့်ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၅၃၀၀-၅၁၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ (၄၈၀၀-၄၇၀၀) ကျပ်ရှိပြီး ယခင် အပတ်ကာလတူ အချိန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၅၁၀၀)ကျပ်၊ ဆီဆန်ဖြူတစ်ပိဿာ (၄၇၀၀) ကျပ်ရှိ၍ ယခင်တစ်ပတ်နှင့်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူနှင့် ဆီဆန်ဖြူဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ဆီဈေးမှာ ပဲဆီ တစ်ပိဿာ ၉၀၀၀ကျပ် မှ ၉၅၀၀ကျပ်ထိ၊ နှမ်းဆီတစ်ပိဿာ ၉၀၀၀ ကျပ်မှ ၉၅၀၀ ကျပ်ထိ ပေါက်ဈေးရှိပြီး ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

Source: ဧယျာကုန်သွယ်မှုဇဟိုဌာန

## ဇန်နဝါရီလ တတိယပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း အပြီးတင်ပို့မည်

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ပိုလျှံသောမြန်မာ့ဆန်များကို ပြည်ပဝယ်လိုအားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ G to G စာချုပ်အရ တင်ပို့ရမည့်ဆန်တန်ချိန် နှစ်သိန်းတွင် တင်ပို့ရန်ကျန်ရှိသောဆန်များကို ရန်ကုန်ဆိပ်ကမ်းနှင့် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းတို့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အတွင်း အပြီးသတ်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ နိုဝင်ဘာ ၂ ရက်တွင် ပထမဆုံး သင်္ဘော MCL-7 ဖြင့် ဆန်တန်ချိန် ၂၆၅၀ တင်ဆောင်၍ စတင်တင်ပို့ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ရှစ်စီးမြောက် သင်္ဘောဖြစ်သည့် MCL-7 ဖြင့် ဆန်တန်ချိန် ၂၆၅၀ ကို တင်ပို့ခဲ့ရာ ပုသိမ်ဆိပ်ကမ်းမှ ဆန်တန်ချိန် ၂၁၁၂၅ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း တင်ပို့သွားမည်ဖြစ်ပြီး လက်ရှိတန်ချိန် ၁၆၀၀၀၀ တင်ပို့ထားကာ တင်ပို့ရန်ကျန်ရှိသော ဆန်များကို ဒီဇင်ဘာ ၂၈ ရက်နောက်ပိုင်းတွင် ရန်ကုန်ဆူးလေဆိပ်ကမ်းနှင့် ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်းမှလည်းကောင်း၊ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းနှင့် စစ်တွေဆိပ်ကမ်းတို့မှလည်းကောင်း အရည်အသွေးမီဆန်များကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်ဆန်တင်ပို့ခွင့်ရရှိသောကြောင့် ဆန်တင်ပို့သောကုမ္ပဏီများအနေဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ သယ်ဆောင်ရမည့်ကုန်ကျစရိတ်များစွာ သက်သာစေပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်း (Ayeyarwaddy International Industrial Port) အသက်ဝင်မှုဖြင့် ဆန်လုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များနှင့် ဒေသခံများ

စီးပွားရေးအခွင့်အလမ်းများစွာ ပွင့်လန်းခဲ့သည်။

ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဒီဇင်ဘာ ၂၁ ရက်က ရှစ်စီးမြောက်ထွက်ခွာသွားသော MCL-7 ဆန်တင် သင်္ဘောမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ CHATTOGRAM ဆိပ်ကမ်းတွင် ဒီဇင်ဘာ ၂၆ ရက်ညပိုင်း၌ ဆန်များကိုချလျက်ရှိပြီး မြန်မာနိုင်ငံမှ ဆက်လက်တင်ပို့ရန်ကျန်ရှိသည့် ဆန်တန်ချိန်သုံးသောင်းကျော်တွင် ရန်ကုန်ဆူးလေဆိပ်ကမ်းမှတင်ဆောင်မည့် ဆန်တင် သင်္ဘောမှာ ပင်လယ်ဝတွင် ရောက်ရှိလျက်ရှိပြီး ဆူးလေဆိပ်ကမ်းသို့ပို့ကုန်ဆန်များရောက်ရှိပါက ဝင်ရောက်မည်ဖြစ်ကာ ပုသိမ်စက်မှုဆိပ်ကမ်းမှတင်ပို့မည့် ဆန်တန်ချိန်ရှစ်ထောင်ကျော်အတွက် သင်္ဘောသုံးစီးနှင့် စစ်တွေဆိပ်ကမ်းမှ သင်္ဘောတစ်စီးတို့ဖြင့် ညှော့မထ ၅ မတ်ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: ရတနာပုံသတင်းစာ**

## ပြင်ဦးလွင်မြို့နယ်မှပန်းများ မန္တလေးမြို့အပါအဝင် အခြားမြို့ကြီးများရှိ ပန်းဈေးများသို့ တစ်ရက်လျှင် တန်ချိန် ၄၆၀ ကျော်တင်ပို့နေရ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ထွက်ရှိသောပန်းများမန္တလေးမြို့အပါအဝင် အခြားမြို့ကြီးများရှိ ပန်းဈေးများသို့ တစ်ရက်လျှင် တန်ချိန် ၄၆၀ ကျော်တင်ပို့နေရကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဒေါ်နွဲ့ဒါလီက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှထွက်ရှိသည့်ပန်းများ မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ အဓိက တင်ပို့လျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့ကြီးများသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ၁၂ ဘီးကားကြီး များဖြင့် တစ်ရက်လျှင် ပန်းတန်ချိန် ၄၆၀ ကျော်၊ တစ်လလျှင် ပန်းတန်ချိန် ၁၃၈၆၀ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု ဒီဇင်ဘာလအတွင်း ပန်းဈေးကွက်ထဲမှာ ပန်းအမျိုးအစားအလိုက် ဈေးနှုန်းတွေကတော့ ဂန္ဓမာ(ကီလို) လက်ဆုပ်စည်းတစ်စည်းလျှင် ငွေကျပ် ၁၇၀၀ မှ ၂၅၀၀၊ အက်စတာ(မေမြို့ပန်း) လက်ဆုပ်စည်း တစ်စည်းလျှင် ငွေကျပ် ၈၀၀ မှ ၁၂၀၀ ထိ၊ သစ္စာပန်းငါးပင်စည်း တစ်စည်းလျှင် ငွေကျပ် ၄၅၀ မှ ၆၅၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး) ဗဟို အလုပ်အမှုဆောင် ဒေါ်နွဲ့ဒါလီက ပြောပြသည်။

ပြင်ဦးလွင်မြို့နယ်တွင် ပန်းစိုက်ခင်း ၃၃၀၅ ဧကရှိပြီး မိုးပန်းနှင့်ဆောင်းပန်းဟူ၍ နှစ်မျိုးခွဲကာ စိုက်ပျိုးကြကြောင်း၊ မိုးပန်းစိုက်ခင်း ၁၉၂၇ ဧကရှိကြောင်း၊ စိုက်ပျိုးသည့် ပန်းအမျိုးအစားများမှာ ဂန္ဓမာ(ကီလို)၊ အက်စတာ(မေမြို့ပန်း)၊ သစ္စာပန်း(ဟော်လန်)တို့ကို အဓိကထားစိုက်ပျိုးပြီး ပန်းထိမ်ငို၊ လီလီပန်းတို့ကို အနည်းငယ်စိုက်ပျိုးကြကြောင်း ဒေါ်နွဲ့ဒါလီက ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဈေးနှုန်းစိုးရိမ်လွန်ဝယ်ယူမှုတွေကြောင့် ယခုနှစ်ထိုင်းဆန်တင်ပို့မှု လေးနှစ်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ် အိန္ဒိယနောက်မှာ ရပ်တည်နေတဲ့ ထိုင်းနိုင်ငံဟာ ဒီနှစ်ထဲမှာတော့ လေးနှစ် အတွင်း အများဆုံးသောဆန်တန်ချိန် တင်ပို့နိုင်မဲ့လမ်းကြောင်းပေါ် ရောက်ရှိနေပါတယ်။ ဆန်တင်သွင်းနိုင်ငံတွေအနေနဲ့ ဆန်လက်ကျန်စာရင်း ဖြည့်တင်းရေးနဲ့ စားသောက်ကုန်ဈေးကို ထိန်းချုပ်ရေးအတွက် ဆန်ဝယ်ယူမှုတိုးမြှင့်လာကြလို့ ဖြစ်ပါတယ်။

ဘတ်ငွေဈေး အားပျော့တာကြောင့် ထိုင်းဆန်ရဲ့ ဈေးကွက်ယှဉ်ပြိုင်စွမ်း မြင့်တက်လာတဲ့အပြင် တရုတ်လိုနိုင်ငံတွေဟာ တရုတ်နှစ်သစ်ကူးကာလမတိုင်ခင် ဆန်လက်ကျန်စာရင်း ဖြည့်တင်းဖို့ကြိုးစားနေတာကြောင့် ထိုင်းဆန်ပို့ကုန်ပမာဏဟာ

ဒီနှစ်ထဲမှာ တန်ချိန် ၈ သန်းအထိ မြင့်တက်ဖွယ်ရှိတယ်လို့ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောပါတယ်။ ဆန်တင်ပို့မှုဟာ လာမယ့်နှစ်သစ်မှာလည်း အလားတူပမာဏလောက်မှာ ရှိနေမယ်လို့ ၎င်းကပြောပါတယ်။

ယခုနှစ် ဖေဖော်ဝါရီလထဲမှာ ရုရှားက ယူကရိန်းကို ကျူးကျော်ခဲ့ပြီးနောက် ပင်လယ်နက်ဒေသက သီးနှံရောင်းအားတွေ ပိတ်ဆို့ခံခဲ့ရတာကြောင့် ဂျုံနဲ့ဟင်းချက်ဆီစတဲ့ အခြေခံစားသောက်ကုန်စည်ဈေးနှုန်းတွေ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ ဆန်ဟာ ကမ္ဘာ့လူဦးရေထက်ဝက်ရဲ့ အခြေခံစားသောက်ကုန်စည်ဖြစ်ပါတယ်။ ဒါပေမဲ့ မတ်လအတွင်းက ဂျုံဈေးတွေ စံချိန်တင် ထောင်တက်ခဲ့ချိန်မှာ ဆန်ဈေးက နှိုင်းယှဉ်ချက်အရ သက်သာနေခဲ့တာကြောင့် အာရှတိုက်အတွင်း ဖြစ်ပေါ်လာနိုင်တဲ့ စားသောက်ကုန်ဈေးကြီးမြင့်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ပေးခဲ့ပါတယ်။ အင်ဒိုနီးရှားလို နိုင်ငံအချို့က ပြည်သူတွေဟာ စားသောက်ကုန်စရိတ်စကတွေကို လျှော့ချနိုင်အောင် ဈေးကြီးတဲ့ဂျုံအစား ဆန်ကို ပြောင်းလဲ စားသုံးခဲ့ကြနိုင်ပါတယ်။

ဒီနှစ်အတွင်း အာရှတိုက်ရဲ့ဆန်ဈေးတွေဟာ မေလထဲမှာ အမြင့်ဆုံးအဖြစ် တစ်တန်ကို ၄၆၈ ဒေါ်လာထိ ရောက်ရှိခဲ့ပြီး ဇူလိုင်လထဲမှာ အနိမ့်ဆုံးအနေနဲ့ တစ်တန်ကို ၄၁၀ ဒေါ်လာအထိ ကျဆင်းခဲ့ပါတယ်။ ဒါဟာ စားသောက်ကုန်အကျပ်အတည်း ကြုံခဲ့ရစဉ် ၂၀၀၈ ခုနှစ်က ဖြစ်ခဲ့တဲ့နှုန်း တစ်တန်ကို ဒေါ်လာ ၁၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် များစွာနိမ့်ကျနေတယ်လို့ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ ဈေးနှုန်းမှတ်တမ်းတွေအရ သိရပါတယ်။ ထိုင်းနိုင်ငံဟာ ဒီနှစ်ထဲမှာ အိန္ဒိယက ဆန်တင်ပို့မှု ကန့်သတ်ခဲ့တာနဲ့ ဈေးကွက်အတွင်း အီရတ်နိုင်ငံ ပြန်ဝင်လာတာကနေ အကျိုးအမြတ်တွေ ထွက်ပေါ်ခဲ့တယ်လို့ Mr Chookiat က အင်တာဗျူးတစ်ခုမှာ ပြောဆိုပါတယ်။

ထိုင်းနိုင်ငံရဲ့ ဆန်တင်ပို့မှု မြင့်တက်လာတာဟာ ကမ္ဘာတစ်ဝန်းမှာ စားနပ်ရိက္ခာဖူလုံရေးစိုးရိမ်ချက်တွေ မြင့်တက်လာတာကြောင့်ပါသလို့ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄၀ ရာခိုင်နှုန်းနီးပါးကို ရောင်းချပေးနေတဲ့ အိန္ဒိယလို ဆန်ထုတ်လုပ်မှုမြင့်မားတဲ့ နိုင်ငံတွေမှာ ထွက်နှုန်းကျဆင်းလာတာကြောင့်လည်း ပါပါတယ်။ “နိုင်ငံတွေဟာ ဆန်လက်ကျန်ဖြည့်တင်းရေးနဲ့ ပြည်တွင်း ဆန်ဈေးထိန်းချုပ်ရေးအတွက် ဆန်တင်သွင်းမှု ပိုမိုပြုလုပ်ခဲ့ကြပါတယ်။ ဘတ်ငွေတန်ဖိုး နိမ့်ကျနေတာကလည်း ထိုင်းဆန်ကို ဈေးကျစေပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်ခဲ့ပါတယ်” လို့ Mr Chookiat က ပြောပါတယ်။

ယခုနှစ်အတွင်း တင်ပို့နိုင်ဖွယ်ရှိတဲ့ တန်ချိန် ရှစ်သန်းဟာ လျာထားပမာဏ တန်ချိန် ၇ ဒသမ ၅ သန်းထက် ပိုများပါတယ်။ ဒီလျာထားပမာဏကပဲ ၂၀၂၁ ခုနှစ် တင်ပို့မှုထက် ၂၀ ရာခိုင်နှုန်း ပိုများနေပြီးဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ထိုင်းဆန်ဝယ်ယူမှုအများဆုံးက အီရတ်ဖြစ်ပြီး တစ်နိုင်ငံတည်း တန်ချိန် ၁ ဒသမ ၅ သန်း ဝယ်ယူခဲ့တယ်လို့ Mr Chookiat က ပြောပါတယ်။ အီရတ်ဟာ ဆန်အရည်အသွေးပိုင်း ပြဿနာကြောင့် ထိုင်းဆန်ဝယ်ယူမှုကို ၂၀၁၃ ခုနှစ်က စတင်ရပ်နားခဲ့ပြီး မနှစ်ကမှ ဝယ်ယူမှုပြန်စခဲ့တာပါ။

အင်ဒိုနီးရှားဟာ အရန်ဆန်မြှင့်တင်ရေးနဲ့ စားသောက်ကုန်ဈေးထိန်းချုပ်ရေးအတွက် ပြည်ပကနေ ဆန်တင်သွင်းလေ့ရှိတဲ့နိုင်ငံတစ်နိုင်ငံပါ။ နိုင်ငံတော်ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ Bulog ဟာ ၂၀၁၈ ကစလို့ ပထမဆုံးအကြိမ် သီးနှံတင်သွင်းခဲ့ပြီး အဲဒီနှစ်က ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နဲ့ မြန်မာတို့ဆီကနေ တန်ချိန် နှစ်သိန်းဝယ်ယူခဲ့ပါတယ်။ အင်ဒိုနီးရှားဟာ နောက်နှစ်ထဲမှာ ထိုင်းဆန်တင်ပို့မှု တန်ချိန် ၈ ဒသမ ၅ သန်းရောက်အောင် ကူညီပေးနိုင်ကြောင်းနဲ့ ဒီနှစ် ထိုင်းဆန်တင်ပို့မှုဟာလည်း အီရတ်ရဲ့ဝယ်အားကြောင့် တန်ချိန် ၇ ဒသမ ၉ သန်းရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။

အီရတ်ရဲ့ ဝယ်ယူမှုဟာ နောက်နှစ်ထဲအထိ ဆက်ကောင်းနိုင်ပြီး အင်ဒိုနီးရှားဆီတင်ပို့မှုလည်း မြင့်တက်လာနိုင်တယ်လို့ Mr Chookiat က ပြောပါတယ်။ ထိုင်းနိုင်ငံရဲ့ ယခုနှစ် အဓိကဆန်စပါးရာသီထုတ်လုပ်မှုဟာ မိုးလေဝသအခြေအနေပေးတာကြောင့် ကောင်းမွန်ခဲ့သလို နောက်နှစ်ထဲလည်း နွေစပါးအထွက်ကောင်းနိုင်တာကြောင့် ရောင်းအားအလျှံပယ်ရှိနေလိမ့်မယ်လို့ Mr Chookiat က ပြောပါတယ်။

Ref: Food Inflation Fears Send Thai Rice Exports to Four-Year High – Bloomberg

**Source:** https://greenwaymyanmar.com/posts/Thai_Rice_Exports_rise

## မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ငါးမျိုးစုံ ကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ ထိုင်းနိုင်ငံဈေးကွက်သို့ နေ့စဉ်တင်ပို့ရောင်းချပေးနေ

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ငါးမျိုးစုံကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ ထိုင်းနိုင်ငံဈေးကွက်သို့ နေစဉ်တင်ပို့ရောင်းချပေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှထွက်ရှိသော ရေထွက်ပို့ကုန်များကို မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံရနောင်းဈေးကွက်သို့ တင်ပို့ရောင်းချပေးနေသကဲ့သို့ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းကလည်း တင်ပို့မှုများရှိနေကြောင်း သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံဗန်ကောက်မြို့နှင့်အနီးဆုံးဖြစ်ပြီး ဗန်ကောက်ဈေးကွက်သို့ တင်ပို့ရောင်းချပေးရာတွင် ခရီးစရိတ်ကုန်ကျမှုသက်သာသည့်အပြင် ဈေးနှုန်းလည်း ပိုမိုရရှိနေသဖြင့် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ရေထွက်ပို့ကုန်တင်ပို့မှုမှာ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက တင်ပို့မှုနီးပါးမြင့်တက်လာကြောင်း သိရသည်။

ယခု ဒီဇင်ဘာလ နောက်ဆုံးပတ်ထဲတွင် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ထိုင်းနိုင်ငံသို့ နေ့စဉ် ငါးမျိုးစုံ ကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ တင်ပို့ရောင်းချပေးနေကြောင်း၊ ထိုသို့ ငါးမျိုးစုံ တင်ပို့ရောင်းချပေးရာတွင် ငါးခွေလျှာ၊ ပလာတူး၊ ငါးပလွေ၊ ငါးမျက်ကျယ်၊ ငါးခါးလွယ်၊ ငါးခေါင်းပွစသည့် ငါးအမျိုးအစားများကို အများဆုံးတင်ပို့ ရောင်းချပေးနေကြောင်း သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ရေထွက်ပို့ကုန်များကို အဓိကထားတင်ပို့ရောင်းချပေးနေသကဲ့သို့ အခြားသော ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၆ ရက်ထိ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၈ ဒသမ ၆၄၀ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## STOCK EXCHANGE (29.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,633 (Shares) | 10,658,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,800 | 8,900 | 8,700 | 435 | 3,805,300 | 33,109,694 | 288,054 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,200 | 3,300 | 3,200 | 1,816 | 5,837,200 | 38,929,150 | 126,520 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 179 | 465,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 202 | 542,700 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


## Market summary

As of 29th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.98 | -1.49 | -0.38% | 389.66 | 395.91 | 389.29 | 2,633 | 10,658,300 | 7 | 680,162 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 1:00 pm, 29th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,633 (Shares) | 10,658,300 (MMK) |

| MYANPIX | 390.98 ▼ 1.49 |
|---|---|
| Total Volume (shares) | 2,633 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 680,162 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |